# ပဌနာတော် ရွတ်ဆိုခြင်းဖြင့် ဆုတောင်းခြင်း

**ယေရှု၏ တပည့်တော်များက မေးခဲ့သည်မှာ- *"သခင်၊ ဆုတောင်းစေခြင်းငှါ ယောဟန်သည် မိမိတပည့်တို့အား နည်းပေးသကဲ့သို့ အကျွန်ုပ်တို့အား နည်းပေးတော်မူပါဟု လျှောက်သော်"* လုကာ ၁၁း၁။ မဿဲ ၆း၉တွင် ယေရှုက *"ထို့ကြောင့် သင်တို့ ဆုတောင်းရ မည်မှာ"***

## ၁။ ဘုရားသခင်နှင့် ရင်းနှီးသောဆက်ဆံခြင်း ရောက်လာရန် ဘုရားသခင်ကို အာရုံစိုက်ပါ။

**"အကျွန်ုပ်တို့အဘ"**

ယေရှုသည် ကျွန်ုပ်တို့အား စကြာဝဠာကို ဖန်ဆင်းသော ဘုရားသခင်၊ တန်ခိုးရှင်ဘုရားသခင်နှင့် မိသားစု ဆက်ဆံရေးကို ယေရှုကိုယ်တိုင်က ကျွန်တော်တို့ကို ပို့ဆောင်ပေးခဲ့သည်။ ကျွန်တော်တို့သည် ဘုရားသခင်ကို "ကျွန်ုပ်တို့၏ အဘ" ဟု ခေါ်ရမည်။

ကျွန်တော်တို့သည် ***"အဗ္ဗအဘဟု ခေါ်ရသောအခွင့်နှင့် သားဖြစ်ရခြင်း၏ သဘောကို ရကြပြီ"* (ရောမ ၈း၁၅)**။ ကျွန်တော်တို့သည် ဘုရားသခင်၏ မိသားစုတွင် နေရာတစ်ခု ရရှိရန် အာမခံချက် ပေးထားသည်။

**ဘုရားသခင်သည် *"ကောင်းကင်ဘုံ၌ရှိသည်"***

ဘုရားသခင်သည် သူ၏ ထာဝရအိမ်တော်ဖြစ်သော ကောင်းကင်ဘုံတွင် စံမြန်းသည်။ ***"ကောင်းကင်ဘုံသည် ငါ့ပလ္လင် ဖြစ်၏။ မြေကြီးသည် ငါ့ခြေတင်ရာ ခုံဖြစ်၏"*(ဟေရှာ ၆၆း၁)**။ ဘုရားသခင်သည် သူ၏ ဘုန်းအသရေတော်ကို မြင့်သောအရပ်၊ ကောင်းကင်ဘုံတွင် ထားရှိကြောင်း ကျွန်တော်တို့ တွေ့ရသည်။

ကျွန်တော်တို့၏ မျက်စိများသည် လောကီအရာများ ကြည့် ခြင်းမှ ဘုရားသခင်၏ အုပ်စိုးမှုအပေါ် အာရုံစိုက်ရန် မျှော်ကြည့်ရသည်။

**ဤအရာသည် နိုင်ငံတော်နေရာဖြစ်သည့်-**

- ➢ နေထိုင်သူများ မရပ်မနား ကိုးကွယ်ကြသည် (ဗျာ ၅း၁၄)
- ➢ ဘုရားသခင်၏ ဘုန်းတော်နှင့် သားတော်သည် အလင်းကို ပေးသည် (ဗျာ ၂၁း၂၃)။
- ➢ ဘုရားသခင်၏ ပလ္လင်တော်သည် အလယ်ဗဟို၌ ရှိသည် (ဗျာ ၁၄း၂)။
- ➢ ပလ္လင်တော်မှ စီးဆင်းသော အသက်စမ်းရေသည် ကျန်းမာခြင်းအတွက် စီးဆင်းသော ရေဖြစ်သည် (ဗျာ ၂၂း၁-၂)။

## ၂။ ဘုရားသခင်၏ မြင့်မြတ်သောနာမအား ကျွန်တော်တို့ ကိုးကွယ်ကြသည်။

**"နာမတော်အား ရိုသေလေးမြတ်ခြင်းရှိပါစေသော"**

ဘုရားသခင်၏ နာမတော်သည် အထူးဖြစ်သည်။ ယေရှုသည် ဘုရားသခင်၏ နာမတော်အား ချီးမွမ်းရန်နှင့် ရိုသေရန် ကျွန်တော်တို့ကို ပြောထားသည်။

**ရိုသေလေးမြတ်ခြင်း- အဓိပ္ပာယ်မှာ သန့်ရှင်းစေရန်၊ ကြည်ညိုရန်ဖြစ်သည်။**

**ဘုရားသခင်၏ နာမတော်**

ဘုရားသခင်သည် မောရှေအား သူ၏နာမကို ပြောပြသည့်အခါ ***"ငါဖြစ်သည်အတိုင်း ငါဖြစ်၏"* (ထွက် ၃း၁၄)**။ ဘုရားသခင်သည် သူ၏ နာမတော်အားဖြင့် မည်ကဲ့သို့သော ဘုရားဖြစ်သည်ကို နည်းလမ်းပေါင်းစုံဖြင့် ထင်ရှားခဲ့သည်။ ဘုရားသခင်၏ နာမတော်အားဖြင့် ဘုရားသခင်၏ သဘောသဘာဝနှင့် သူ၏စရိုက်များကို ထင်ရှားစေသည်။

**ဘုရားသခင်၏ အချို့သော နာမတော်များ-**

- ❖ **ယေဟောဝါယိရေ-** ဘုရားပြင်ဆင်တော်မူမည် **(ကမ္ဘာ ၂၂း၁၄)။**
- ❖ **ယေဟောဝါရောဖိ-** သင်တို့၏ အနာရောဂါ ငြိမ်းစေသူ **(ထွက် ၁၅း၂၆)။**
- ❖ **ယေဟောဝါနိဿိ-** ဘုရားသခင်သည် ငါ၏ အောင်မြင် ခြင်းဖြစ်သည် **(ထွက် ၁၇း၁၅)။**
- ❖ **ယေဟောဝါမကဒ်ိ-** ထာဝရဘုရားသည် သင်တို့ကို သန့်ရှင်းစေသူ **(ဝတ်ပြု ၂၀း၈)။**
- ❖ **ယေဟောဝါရှလုံ-** ဘုရားသခင်သည် ငြိမ်သက်ခြင်း ဖြစ်သည် **(တရား ၆း၂၄)။**
- ❖ **ယေဟောဝါဇေဒကနု-** ဘုရားသခင်သည် ကျွန်ုပ်တို့၏ ဖြောင့်မတ်ခြင်း **(ယေရမိ ၂၃း၆)**
- ❖ **ယေဟောဝါရောဟိ-** ဘုရားသခင်သည် ငါ၏ သိုးထိန်း **(ဆာလံ ၂၃း၁)**။
- ❖ **ယေဟောဝါရှမ္မ-** ဘုရားသခင်သည် တည်ရှိ၍ နေရာတိုင်း ရှိသည် **(ယေဇ ၄၈း၃၅)**။

**ယေရှု၏ နာမတော်**

*"နာမတော်ကား အံ့ဩဖွယ်၊ တိုင်ပင်ဘက်၊ တန်ခိုးကြီးသော ဘုရားသခင်၊ ထာဝရအဘ၊ ငြိမ်သက်ခြင်းအရှင်ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံတော်မူလိမ့်မည်"* (ဟေရှာယ ၉း၆)။

*"သတိုးသမီးကညာသည် ပဋိသန္ဓေစွဲယူ၍၊ သားယောကျ်ားကို ဘွားမြင်လတံ့။ ထိုသားကို ဧမာနွေလအမည်ဖြင့် မှည့်ရလတံ့"* **(ဟေရှာယ ၇း၁၄)**။ ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူ ရှိသည်။

## ၃။ ဘုရားသခင်၏ နိုင်ငံတော် ရောက်ရှိလာရန် ကျွန်တော်တို့ ဆုတောင်းကြသည်။

**"နိုင်ငံတော် တည်ထောင်ပါစေသော"**

ဤလောကကမ္ဘာ၌ ဘုရားသခင်၏ အုပ်စိုးခြင်းနှင့် အာဏာစက်ထင်ရှားရန် ကျွန်တော်တို့ ဆုတောင်းကြသည်။ ဘုရားသခင်၏ နိုင်ငံတော်သည် ထာဝရဖြစ်၍၊ ယေရှုခရစ်အားဖြင့် နိုင်ငံတော်သည် ကမ္ဘာပေါ်၌ အမှန်တကယ် တည်ထောင်ပြီး၊ သတိရှိရှိဖြင့် တည်ရှိသည်။ ဘုရားသခင်၏ နိုင်ငံတော်ကို မြင်တွေ့ရန်၊ ဝင်စားနိုင်ရန်နှင့် ဘုရားသခင်၏ အုပ်စိုးမှုအောက်တွင် ကျွန်တော်တို့ အသက်ရှင်နိုင်ရန် ဒုတိယအကြိမ် မွေးဖွားခြင်း ကျွန်တော်တို့ ခံရမည်။

## ၄။ အလိုတော်ပြည့်စုံရန် ကျွန်တော်တို့ ဆုတောင်းသည်။

***"အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာ ပြည့်စုံပါစေသော"***

ဘုရားသခင်၏ အလိုတော်သည် နှုတ်ကပတ်တော်ထဲ၌ ရှိသည်။ ထိုနှုတ်ကပတ်တော်သည် သမ္မာကျမ်းစာဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ကျွန်တော်တို့ကို စိတ်နှလုံး အသစ်ပြုပြင်ခြင်းအားဖြင့် ပြောင်းလဲစေသည်။ ***"ကောင်းမြတ်သောအရာ၊ နှစ်သက်ဖွယ်သောအရာ၊ စုံလင်သောအရာ တည်းဟူသော ဘုရားသခင်၏ အလိုတော်ရှိသော အရာသည် အဘယ်အရာဖြစ်သည်ကို သိနိုင်မည်အကြောင်း"*(ရောမ ၁၂း၂)**။

ကျွန်တော်တို့သည် ***"ဘုရားသခင်၏ အလိုတော်ရှိရာကို ပိုင်းခြား၍ သိသောသူ ဖြစ်ကြလော့"* (ဧဖက် ၅း၁၇)**။ နှုတ်ကပတ်တော်အားဖြင့် ဖွင့်ပြခြင်းကို ကျွန်တော်တို့ ရရှိသည့်အတွက် ကျွန်တော်တို့သည် ယေရှုနှင့် တူညီခြင်း၊ ဘုရားသခင်၏ အလိုတော်သည် ဤကမ္ဘာတွင် ပြည့်စုံမည်ဖြစ်သည်။

***နှုတ်ကပတ်တော်အားဖြင့် ဘုရားသခင်၏ အလိုတော်ထင်ရှားသည်။***

- ▪ အခွင့်အာဏာရှိသည်- လူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ရောက်ရန် ဘုရားသခင် အလိုရှိသည် **(၁တိ ၂း၁-၆)**

- လူတိုင်း ကယ်တင်ခြင်း ရရှိရန် **(၁တိ ၂း၄၊ ၁ပေ ၃း၉)**
- သူ၏ တပည့်တော်များသည် ***"သွား၍ လူမျိုးတကာတို့ကို တပည့်တော်ဖြစ်ရန်"*** **(မသဲ ၂၈း၁၉-၂၀)**။
- ယုံကြည်သူများသည် အောင်မြင်သော အသက်တာဖြင့် အသက်ရှင်ရန် **(၁ယော ၅း၄-၅)**။
- ဖြောင့်မတ်ခြင်းနှင့် ငြိမ်သက်ခြင်းတို့မှ ကမ္ဘာကို ဖုံးအုပ်ရန် **(ရောမ ၁၄း၁၇)**။
- ယုံကြည်သူများသည် ***"စိတ်နှလုံးသည် ကောင်းစားသကဲ့ သို့ သင်သည် အရာရာ၌ ကောင်းစားခြင်းနှင့် ကျန်းမာခြင်း ရှိမည်အကြောင်း"*** **(၃ယော၂)**။ [ကျန်းမာခြင်းသည် ကျန်းမာသောဩဝါဒ၊ နှုတ်ကပတ်တော်၌ ကျန်းမာခြင်း၊ ယုံကြည်ခြင်း၌ ကျန်းမာခြင်းကို ဆိုလိုသည်။]

## ၅။ ကျွန်တော်တို့၏ လိုအပ်ချက်များကို ဘုရားသခင်အား တောင်းခံသည်။

**"အသက်မွေးလောက်သော အစာကို အကျွန်ုပ်တို့အား ယနေ့ ပေးသနားတော်မူပါ"**

ကျွန်ုပ်တို့၏ နေ့စဉ်အစာသည် မည်သည့်အရာ ဖြစ်သနည်း။ ယေရှုသည် ကျွန်တော်တို့၏ ယာယီလိုအပ်ချက်အတွက် မပူပန်ရန်၊ ထိုအရာထက် ဘုရားသခင်၏ နိုင်ငံတော်ကို ရှေ့ဦးစွာရှာရန် ကျွန်တော်တို့ကို ပြောထားသည် **(မသဲ ၆း၂၅-၃၃)**။

ဘုရားသခင်သည် သူ့လူမျိုးအားလုံး၊ သူ၏ လူမျိုးတော် ဖြစ်ရန်၊ ဘုရားသခင်၏ စောင့်ရှောက်မှုနှင့် ထောက်ပံ့မှုကို ခံစားရန် အလိုတော်ရှိသည်။ **မသဲ ၆း၂၅-၃၂တွင်**၊ ခရစ်ယာန်တိုင်းသည် နေ့စဉ်လိုအပ်သော အစားအစာ၊ အဝတ်အစား၊ နေစရာနှင့် သူတို့၏ ကလေးများအတွက် အခြေခံပညာရေး လိုအပ်ချက်များအတွက် ဘုရားသခင်ကို ကျေးဇူးတင်စွာဖြင့် ယုံကြည်စိတ်ချစွာ တောင်းလျှောက်နိုင် သည်။ ***"ဘုရားသခင်၏ မုန့်မူကား၊ ကောင်းကင်မှ ဆင်းသက်၍ လောကီသားတို့အား အသက်ကိုပေးသော မုန့်ပေတည်း"*** **ယော ၆း၃၃)**။ ယေရှုသည် အသက်မုန့်ဖြစ်သည်။ ယေရှု၏ အသက်ကို ကျွန်တော်တို့ နေ့စဉ်စားသောက်ရန် လိုအပ်သည်။

ယေရှုက ***"ဝိညာဉ်သာလျှင် အသက်ရှင်စေ၏။ ကိုယ်ကာယသည် အလျှင်းမတတ်နိုင်။ ငါပြောသော စကားသည် ဝိညာဉ်ဖြစ်၏။ အသက်လည်းဖြစ်၏"*** **(ယော ၆း၆၃)**။

ကျွန်ုပ်တို့ခန္ဓာကိုယ်အတွက် နေ့စဉ်လိုအပ်သော အရာများကို ဘုရားသခင်အား ကျွန်တော်တို့ တောင်းလျှောက်သကဲ့သို့၊ ကျွန်တော်တို့၏ နေ့စဉ်လိုအပ်သော ဝိညာဉ်အစာအတွက်လည်း တောင်းလျှောက်ရမည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ကျွန်တော်တို့၏ဝိညာဉ်နှင့် စိတ်ဝိညာဉ်များကို အစာအဟာရ ဖြည့်တင်းရန် ဖြစ်သည်။

## ၆။ ခွင့်လွှတ်ခြင်းတရားကို ကျွန်တော်တို့ ရှာဖွေသည်။

***"သူတပါးသည် အကျွန်ုပ်တို့ကို ပြစ်မှားသော အပြစ်များကို အကျွန်ုပ်တို့သည် လွှတ်သကဲ့သို့၊ အကျွန်ုပ်တို့၏ အပြစ်များကို လွှတ်တော်မူပါ"***

**ပထမဦးစွာ သူတပါးကို ခွင့်လွှတ်ရန်**

ကျွန်တော်တို့ကိုယ်တိုင် ခွင့်လွှတ်ခြင်းရရှိရန် သူတပါးကို ခွင့်လွှတ်ရန် လိုအပ်ကြောင်း သိထားရန်လိုအပ်သည်။

ယေရှုသည် ပဌနာဆုတောင်းခြင်းကို ကျွန်တော်တို့အား သွန်သင်ပေးပြီးနောက်၊ ဤအကြောင်းအရာနှင့် ပတ်သက်၍ ယေရှုသည် **မသဲ ၆း၁၄-၁၅**ကို အလေးထားခဲ့ကြောင်း တွေ့ရသည်။ ခွင့်လွှတ်ခြင်းနှင့် ပတ်သက်၍ အရေးကြီးကြောင်း ထပ်မံပြောထားသည်။ ***"သင်တို့သည် သူတစ်ပါး၏ အပြစ်ကိုလွှတ်လျှင်၊ ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘသည် သင်တို့၏ အပြစ်ကို လွှတ်တော်မူမည်။ သင်တို့သည် သူတပါး၏ အပြစ်ကို မလွှတ်လျှင်၊ သင်တို့အဘသည် သင်တို့၏ အပြစ်ကို လွှတ်တော်မမူ"***။

## ၇။ ဘုရားသခင်၏ လမ်းပြခြင်းကို ကျွန်တော်တို့ တောင်းခံသည်

***"အပြစ်သွေးဆောင်ရာသို့ မလိုက်မပါစေဘဲ"***

ဘုရားသခင်သည် ကျွန်တော်တို့ကို သွေးဆောင်တော်မူသည် မဟုတ်။ ကျွန်တော်တို့သည် သွေးဆောင်ခြင်း ရှိသည့်နေရာတွင် မရှိရန် လိုအပ်သည်။ ***"လောက၌ ရှိသမျှသော အရာတည်းဟူသော ကိုယ်ကာယတပ်မက်ခြင်း၊ မျက်စိတပ်မက်ခြင်း၊ လောကီစည်းစိမ်၌ ဝါကြွားခြင်းတို့သည် ခမည်းတော်နှင့် မစပ်ဆိုင်၊ လောကနှင့်သာ စပ်ဆိုင်ကြ၏"*** **(၁ယော ၂း၁၆)**။

ယေရှုခရစ်တော်ထံမှ ကျွန်တော်တို့ကို ဝေးကွာစေနိုင်သော၊ ထိုအရာများကို ကျွန်တော်တို့ ရှောင်ကြဉ်ရမည်။

## ၈။ မကောင်းသောအရာမှ ကယ်လွှတ်ရန် ဆုတောင်းသည်။

***"မကောင်းသော အမှုအရာမှလည်း ကယ်နှုတ်တော်မူပါ"***

ယေရှုသည် ကျွန်တော်တို့၏ ကွယ်ကာမစခြင်းအတွက် ဆုတောင်းပေးသည်။ ***"ဤသူတို့ကို ဤလောကမှ နှုတ်ယူတော်မမူမည် အကြောင်း အကျွန်ုပ်တောင်းသည် မဟုတ်ပါ။ မကောင်းသော အမှုအရာနှင့် ကင်းလွတ်စေခြင်းငှါ စောင့်မတော်မူမည် အကြောင်းကို သာ တောင်းပါ၏"*** **(ယော ၁၇း၁၅)**။

ယေရှုပြုခဲ့သော အမှုအရာများကို ကျွန်တော်တို့ မြင်တွေ့ခဲ့သည့်အတိုင်း၊ ယေရှုကိုသာ အာရုံစိုက်၍၊ သူ၏ ကြီးမားသော တန်ခိုးတော်သည် မကောင်းသော အမှုအရာအလုံးစုံမှ ကျွန်တော်တို့ကို ကယ်လွှတ်၍ လွတ်မြောက်စေနိုင်ကြောင်း သိထားရမည်။ ယေရှုသည် မကောင်းသော အမှုအရာများနှင့် စာတန်ကို လက်ဝါးကပ်တိုင်၌ အောင်မြင်ခဲ့ပြီးဖြစ်သည်။ ယေရှု၏ နာမတော်မြတ်ကို ယုံကြည်ခြင်းဖြင့် လျှောက်လှမ်းနိုင်သည်။

**ယာကုတ် ၄း၆-၈**

က။ ဘုရားသခင်၏ ကျေးဇူးတော်ရရှိရန် နှိမ့်ချခြင်းရှိပါ။ (ငယ် ၆)

ခ။ ဘုရားသခင်၏ အလိုတော်သို့လိုက်၍၊ မာနတ်ကို ဆီးတားပါ (ငယ်၇)

ဂ။ သင်တို့လက်ကို စင်ကြယ်စေကြလော့။ သင်တို့၏ စိတ်နှလုံးကို သန့်ရှင်းစေကြလော့။ ဘုရားသခင်ကို ချဉ်းကပ်ကြလော့ (ငယ် ၈)။

## ၈။ ကိုးကွယ်ခြင်းဖြင့် ကျွန်တော်တို့ အဆုံးသတ်သည်။

**"အစိုးပိုင်သောအခွင့်နှင့် ဘုန်းတန်ခိုးအာနုဘော်သည် ကမ္ဘာအဆက်ဆက် ကိုယ်တော်၌ ရှိပါ၏"**

ဆုတောင်းခြင်း အစပြုသည့်အခါ ဘုရားသခင်ကို ကျွန်တော်တို့၏ ဖခင်တစ်ဦးကဲ့သို့ ဆက်ဆံခြင်းဖြင့် အစပြု၍၊ အဆုံးသတ် ဆုတောင်းသည့်အခါ -

- **သခင်ဘုရားကို အာရုံစိုက်ခြင်းအားဖြင့်** ဘုရားသခင်၏ နိုင်ငံတော်သည် အမှန်တကယ်ဖြစ်၍ ကျွန်တော်တို့၏ အသက်တာတွင် သက်ဆိုင်မှုရှိပြီး၊ အခွင့်အာဏာသည် ဘုရားသခင် ပိုင်ဆိုင်ထားကြောင်း အသိအမှတ်ပြုသည်။ **(မသဲ ၂၈း၁၈)**
- ထိုဘုန်းတန်ခိုးသည် ကျွန်တော်တို့ အသက်တာတွင် လုပ်ဆောင်သည်မှာ ဘုရားသခင်၏ တန်ခိုးတော်ဖြစ်၍ ကျွန်တော်တို့၏ အတွင်းနှလုံးသားထဲတွင် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် အရှိန်မြင့်စေသည် **(ဖေက် ၃း၁၆)**။
- ကျွန်တော်တို့သည် ဘုရားသခင်အား ဘုန်းအလုံးစုံ ပေးရခြင်းမှာ ကောင်းသောအရာများသာ ကျွန်တော်တို့ထံ ရောက်လာသောကြောင့် အသိအမှတ်ပြုခြင်းဖြစ်သည်**(ယာကုတ် ၁း၁၇)**။

ထို့နောက် ကျွန်တော်တို့အတွက် ဘုရားသခင်၏ အလိုတော်သည် **"ကောင်းမြတ်သောအရာ စုံလင်သောအရာ"ဖြစ်ရန်** အလိုရှိသည် **(ရောမ ၂း၂)**။